BURMESE

# အထူးကြီးကြပ်သူဌာနမှူး၏ မိသားစု အကြံပေး ကောင်စီ

**နိဒါန်းမိတ်ဆက်**

DeKalb ကောင်တီကျောင်းခရိုင် (DCSD) မှ အထူးကြီးကြပ်သူဌာနမှူး၏ မိသားစု အကြံပေး ကောင်စီ (FAC) သည် စင်စစ် ကျွန်ုပ်တို့ စာသင်ကျောင်းများအတွင်း အပြုသဘောဆောင်သော အပြောင်းအလဲအား ဖန်တီးဖို့ရန်ဂှာ ကျွန်ုပ်တို့ မိသားစုများနှင့် ဝန်ထမ်းအဖွဲ့ဝင်များတို့၏ အသံများကို အကြံပြုထောက်ခံပေးဖို့ရန်အတွက် အတူတကွ လက်တွဲလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မိဘများ/အုပ်ထိန်းသူများ ပါဝင်ကြသည့် အုပ်စုအဖွဲ့တစ်ဖွဲ့ ဖြစ်ပေသည်။

**တာဝန်ခံယူချက်**

DCSD မိသားစု အကြံပေးကောင်စီသည် ခရိုင်နှင့် ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ အသံများ အားလုံးကို ကျွန်ုပ်တို့ ကြားသိ၍ လေးစားတန်ဖိုးထားကြောင်း သေချာစေရန်အတွက်ဂှာ နစ်မြုပ်အားထုတ်ဆောင်ရွက်လျက် ရှိပေသည်။ ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ခရိုင်အတွင်းရှိ ဆက်သွယ်ဆောင်ရွက်မှု၊ သင်ရိုးညွှန်းတမ်း နှင့် လုပ်ငန်းစဉ်များတို့ကို တိုးတက်မှုရှိလာစေရန်အတွက်ဂှာ ဦးနောက်ဉာဏ်စွမ်းထုတ်၍ စဉ်းစား၊ အဖြေရှာသော နည်းလမ်းများမှတစ်ဆင့် အတူတကွ စုပေါင်းလုပ်ကိုင်သွားကြရန် ဖြစ်သည်။ DCSD မိသားစုများ အားလုံးကို ကိုယ်စားပြုခြင်းဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့ ပါဝင်သက်ဆိုင်သူများ အားလုံး၏ နလုံးသွေးခုန်နှုန်း အချက်အချာကို ကျွန်ုပ်တို့ စုပေါင်း ဖော်ထုတ်နိုင်ကြောင်း သေချာစေရန်ဂှာ ကျွန်ုပ်တို့ ရပ်ရွာအဖွဲ့အစည်းအတွင်းရှိ ခြားသူများနှင့်အတူ တစ်သမတ်တည်း ညှိနှိုင်းပါဝင်လုပ်ကိုင်ဆောင်ရွက်သွားဖို့ရန်မှာ ကျွန်ုပ်တို့၏ တာဝန် ဖြစ်ပေသည်။

**အဖွဲ့ဝင်ဆိုင်ရာ အချက်အလက်များ –**

- ဘုတ်အဖွဲ့ဝင် ခရိုင် ခုနစ်ခု၏ တစ်ခုစီမှ အဖွဲ့ဝင် 8 ဦးအား ရွေးချယ်သွားမည် ဖြစ်သည်
- အကြံပေးကော်မတီတွင် သင်၏ အဖွဲ့ဝင်ဖြစ်မှုသည် သက်တမ်း တစ်နှစ် ဖြစ်ပေမည်
- ရွေးချယ်ခံရသော အဖွဲ့ဝင်များအနေနှင့် ၎င်းတို့အား တွေ့ဆုံဆွေးနွေးပွဲများ အားလုံးကို တက်ရောက်ပေးဖို့ရန် မျှော်မှန်းထားမည် ဖြစ်သည်
- သင်သည် လက်ရှိတွင် DCSD မိဘတစ်ဦး ဖြစ်ရမည်ဖြစ်ပြီး၊ လျှောက်လွှာအား ဖြည့်စွက်ပေးရမည် ဖြစ်သည်
- လျှောက်လွှာအား တင်သွင်းသည့် မည်သူမဆိုထံသို့ ၎င်းတို့သည် အကြံပေးကောင်စီအတွက် ရွေးချယ်ခံရခြင်း ရှိမရှိ အီးမေးလ်ဖြင့် အကြောင်းကြားပေးသွားမည် ဖြစ်သည်။
- ယာယီသတ်မှတ်ထားသော ဗာကျူရယ် တွေ့ဆုံဆွေးနွေးပွဲ ရက်စွဲများ –
  သြဂုတ်လ 26 ရက်၊ 2026 | အောက်တိုဘာလ 21 ရက်၊ 2026
  ဇန်နဝါရီလ 20 ရက်၊ 2027 | မတ်လ 24 ရက်၊ 2027

**အတူတကွ ရှေ့သို့ချီ - ရှင်းလင်းပြတ်သားမှု၊ တစ်သမတ်တည်းရှိမှု နှင့် ကျိုးကြောင်းညီညွတ်မှုတို့ဖြင့် ဦးဆောင်၍**

**2026-2030 ပန်းတိုင်များ**

**(6, 7, 8, 9, 10... 2030 အမီ)**

**60%** သော အလယ်တန်းကျောင်း ပညာသင်သားများသည် အနည်းဆုံးအနေနှင့် Carnegie ယူနစ် သင်ရိုး 1 ခုအား ပြီးမြောက်ဆောင်ရွက်မည် ဖြစ်သည်

**70%** သော အထက်တန်းကျောင်း ကျောင်းသားများသည် အနည်းဆုံးအနေနှင့် AP/IB/နှစ်ခုပြိုင် စာရင်းသွင်းအပ်နှံမှု/WBL သင်ရိုးအစီအစဉ် (CCRPI အသင့်ဖြစ်မှု) 1 ခုအား ပြီးမြောက်ဆောင်ရွက်မည် ဖြစ်သည်

**80%** သော ဂရိတ်တန်း 3-10 တန်းအတွင်းရှိ ပညာသင်သားများသည် ဂရိတ်အဆင့်နှင့် ကိုက်ညီသော ကျွမ်းကျင်မှု (CCRPI အသင့်ဖြစ်မှု)ဖြင့် ဖတ်ရှုကြမည် ဖြစ်သည်

အနည်းဆုံးအနေနှင့် **90%** ရှိသော ကျောင်းပြီးမြောက်အောင်မြင်မှု နှုန်း (CCRPI ကျောင်းပြီးမြောက်အောင်မြင်မှု နှုန်း)

**100%** သော ကျောင်းပြီးမြောက်အောင်မြင်ပြီးသူများသည် 4E အစီအစဉ်အား ပြီးမြောက်ထားပြီး ဖြစ်ရပေမည်

ဤတွေ့ဆုံဆွေးနွေးပွဲများအတောအတွင်းတွင် **6,7,8,9,10 ပန်းတိုင်များ** အား အခြေခံဘောင်တစ်ခုအနေဖြင့် အသုံးပြု၍ အဖွဲ့ဝင်များသည် ခရိုင်နှင့် စာသင်ကျောင်း မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အရေးကိစ္စများ၊ ဥပမာဆိုရလျှင် ကျောင်းသားများ၏ ရလဒ်များကို တိုးတက်ကောင်းမွန်လာစေဖို့ရန် ရည်ရွယ်သည့် လုပ်ရှားဆောင်ရွက်မှုများ၊ အစီအစဉ်များနှင့် မူဝါဒများတို့နှင့်စပ်လျဉ်းပြီး တုံ့ပြန်မှတ်ချက်များကို ထောက်ပံ့ပေးသွားမည် ဖြစ်သည်။

## ဆန်ကာတင်အဆိုပြုမှုများ အချိန်မျဉ်းလိုင်း

**သြဂုတ်လ 10 ရက်၊ 2026**
**အဆိုတင်သွင်းမှုအား စတင်ဖွင့်လှစ်မည်**

**သြဂုတ်လ 21 ရက်၊ ညနေ 5:00**
**အဆိုတင်သွင်းမှုအား ပိတ်သိမ်းမည်**
အဆိုပြုခံရသူများသည် မိမိတို့အနေနှင့် ကော်စီ၌ တာဝန်ထမ်းဆောင်ရန် စိတ်ပါဝင်စားမှုရှိကြောင်း အတည်ပြုပေးရန်အတွက်ဂှာ အီးမေးလ်တစ်စောင်အား လက်ခံရရှိကြမည် ဖြစ်သည်။

**သြဂုတ်လ 24 ရက်၊ 2026**
DCSD အထူးကြီးကြပ်သူဌာနမှူး၏ မိသားစု အကြံပေးကောင်စီ ထုတ်ပြန်ကြေငြာချက်

အကယ်၍ သင့်အနေနှင့် DCSD မိသားစု အကြံပေးကောင်စီတွင် ပါဝင်ဖို့ရန် စိတ်ပါဝင်စားလျှင် ကျေးဇူးပြုပြီး လင့်ခ်အား ကလစ်နှိပ်ပါ၊ သို့မဟုတ် QR ကုဒ်အား စကန်ဖတ်ပါ။

https://survey.sogolytics.com/r/MEto3j